**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

**၁၉ ရက်မြောက်နေ့အစီအစဉ်**

**[ ၂၂-၂-၂၀၁၃ ] (သောကြာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **တရားရုံးများတွင် DNA စစ်ဆေးပြီး သက်သေအထောက်အထားယူခြင်းကို ခွင့်ပြုထားခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)အရ စွဲဆိုထားသော အမှုများကို ကျေအေးခွင့်၊ ရုပ်သိမ်းခွင့် မပြုရန် ညွှန်ကြားထားသည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်း ဆရာဝန် များနှင့်ပတ်သက်၍ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဘွဲ့လွန် သင်တန်းများ တက်ရောက်ခြင်းဆိုင်ရာ သတ်မှတ်ချက်မှုများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **၂၀၀၈ ခုနှစ် ကျိုင်းတုံ သူနာပြု/ သားဖွား သင်တန်း အပတ်စဉ်(၁၀)သို့ တက်ရောက် အောင်မြင်ခဲ့သော သားဖွားဆရာမများအား အစိုးရဝန်ထမ်းအဖြစ် ခန့်ထားအသိအမှတ်ပြုရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ နယ်မြေ (၂)ခု၊ စခန်း(၆)ခုအတွက် တိုင်းတစ်ပါးသား လူဦးရေထိန်းချုပ်ရေး ဆောင်ရွက်ရန် ဒေသန္တရ အမိန့်ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတော်တစ်ဝှမ်းရှိ အခြေအနေမဲ့နေထိုင်သူများ၊ ကျူးကျော်နေထိုင်သူများလျော့နည်းပပျောက်လာစေရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ **“ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။